KHRG ကရင်လူ့အခွင့်အရေးအဖွဲ့

ကျေးလက်နေပြည်သူများ၏ အသံများကိုမှတ်တမ်းပြုစုခြင်း

**မှုခင်းဖော်ပြသည့်မှတ်တမ်းလွှာ**

ဧပြီလ ၃ရက် ၂၀၁၈ / KHRG မှတ်တမ်းလွှာအမှတ် #18-24-I1

---

# ဒူးပလာယာ မှုခင်းဆိုင်ရာမှတ်တမ်းလွှာ : ဝင်းရေးမြို့နယ်အတွင်း ၂၀၁၇ ခုနှစ်၊ အောက်တိုဘာလတွင် တပ်မတော်စစ်ဗိုလ်တစ်ဦး၏ အမိန့်ဖြင့် အတင်းအဓမ္မခိုင်းစေမှုဖြစ်ပေါ်

---

*ဤမှုခင်းဖော်ပြသည့်မှတ်တမ်းလွှာတွင် ဒူးပလာယာခိုရိုင်၊ ဂင်းရေးမြို့နယ်အတွင်း အတင်းအဓမ္မခိုင်းစေမှုနှင့် တပ်မတော်များ၏ တပ်အပြောင်းအလဲ လုပ်ဆောင်ခြင်းများကို ဖော်ပြထားသည်။*

- *၂၀၁၇ခုနှစ်၊ အောက်တိုဘာလ ၃၀ရက်တွင် မန်းက--- ဟုခေါ်သော ကျေးရွာလူကြီးတစ်ဦးနှင့် သူ၏ ဇနီးဖြစ်သူ နန်းဂ--- တို့သည် ခြေလျင်တပ်ရင်း (ခလရ) အမှတ် (၂၈၄) မှ တပ်မတော်အရာရှိ ဗိုလ်ကြီးဟိန်းရာဇာဖြိုး ကအာပင်များကို ခုတ်ထွင်းရှင်းလင်းခိုင်းပြီး [ဒူးပလာယာခရိုင်၊] ဝင်းရေး မြို့နယ်၊ လွှတ်ရှမ်းကျေးရွာအုပ်စု၊ အ--- ကျေးရွာရှိ တပ်မတော်ရှေ့တန်းစစ်တပ်စခန်းမှ အမှိုက် များကို သွန်ခိုင်းခဲ့သည်။ တပ်မတော်အရာရှိကို လေးစားမှုမပြုသည့်ယူဆချက်ဖြင့် ယခုလို အပြစ်ပေးခြင်းခံရသည်ဟုဆိုသည်။*
- *ဤမှုခင်းဖြစ်ပွားပြီးသည့်နောက်တွင် ကျေးရွာလူကြီး မန်းက--- သည် သူ၏ ကျေးရွာလူကြီး ရာထူးမှ နုတ်ထွက်ခဲ့သည်။*
- *ဤဖြစ်ရပ်ကို ကရင်အမျိုးသားလွတ်မြောက်ရေးတပ်မတော် (KNLA) တပ်ရင်း အမှတ် (၁၆) ရုံးသို့ ရွာသားများကတင်ပြခဲ့၍ ၎င်းတို့မှ အဆိုပါဖြစ်ရပ်ကို မှတ်တမ်းတင်ထားမည်ဖြစ်ပြီး ပူးတွဲစောင့် ကြည့်ရေးကော်မတီ (JMC) အစည်းအဝေးတွင် အပစ်အခတ်ရပ်စဲရေးကတိကဝတ်များနှင့်အညီ ထည့်သွင်းတင်ပြသွားမည်ဟု ဆိုသည်။*

---

## မှုခင်းဖော်ပြသည့်မှတ်တမ်းလွှာ | ဝင်းရေးမြို့နယ်၊ ဒူးပလာယာခရိုင် (၂၀၁၇ ခုနှစ်၊ အောက်တိုဘာလ)

*ဤမှုခင်းဖော်ပြသည့်မှတ်တမ်းလွှာသည် ကရင်လူ့အခွင့်အရေးအဖွဲ့ KHRG မှဒေသတွင်းလူ့အခွင့် အရေးအခြေအနေများကို လေ့လာမှတ်သားရန် လေ့ကျင့်သင်ကြားပေးထားသော ဒေသခံအဖွဲ့ဝင်*

*တစ်ဦးမှ ဖော်ပြခြင်းဖြစ်သည်။*[1] *ဤသတင်းလွှာသည် ၂၀၁၈ ခုနှစ်၊ ဖေဖော်ဝါရီလတွင် လက်ခံရရှိခဲ့ပြီး အခြားသော သတင်းအမျိုးအစားများဖြစ်ကြသော မှုခင်းအင်တာဗျူး ၇ ခု၊ ဒေသတွင်း နောက်ဆုံးရအခြေအနေတင်ပြချက် အစီရင်ခံစာ ၁ စောင်၊ ဓာတ်ပုံ ၁၁၂ ပုံ၊ ဗီဒီယို ၂ ခု တို့နှင့်တကွ လက်ခံရရှိခဲ့သည်။* [2]

| | |
|---|---|
| **အခင်းဖြစ်ပွားမှုအမျိုးအစား** | အတင်းအဓမ္မခိုင်းစေမှု |
| **အခင်းဖြစ်ပွားသည့်နေ့ရက်** | ၂၀၁၇ ခုနှစ်၊ အောက်တိုဘာလ ၃၀ရက် |
| **အခင်းဖြစ်ပွားသည့်နေရာ (ကျေးရွာ၊ မြို့နယ်၊ ခရိုင်)** | ဒူးပလာယာခရိုင်၊ ဝင်းရေးမြို့နယ်၊ လွှတ်ရှမ်းကျေးရွာအုပ်စု၊ အ--- ရွာ |

| **စော်ကားခံရသူ(ရာဇဝတ်မှုကျူးလွန်ခံရသူ)၏ကိုယ်ရေးအကြောင်းအရာအပြည့်အစုံ** | | |
|---|---|---|
| **အမည်** | မန်းက--- | နန်းဂ--- |
| **အသက်** | ၃၉ | ၄၁ |
| **ကျား/မ** | ကျား | မ |
| **လူမျိုး** | ကရင် | ကရင် |
| **မိသားစုရှိ/မရှိ** | ရှိ | ရှိ |
| **အလုပ်အကိုင်** | ခြံ | ခြံ |
| **ကိုးကွယ်သည့် ဘာသာ** | ဗုဒ္ဓဘာသာ | ဗုဒ္ဓဘာသာ |
| **ရာထူးအဆင့်** | ကျေးရွာလူကြီး | ရွာသား |
| **နေရပ် ရွာအမည်** | အ--- ကျေးရွာ | အ--- ကျေးရွာ |

---

[1] ကရင်လူ့အခွင့်အရေးအဖွဲ့ KHRG မှ လေ့ကျင့်သင်ကြားပေးသော မြန်မာပြည်အရှေ့တောင်ပိုင်း ရှိဒေသခံအဖွဲ့များအား လူ့အခွင့်အရေးချိုးဖောက်မှုဖြစ်ပျက်မှုသတင်းအချက်အလက်တစ်ခုချင်းစီအား စံညွှန်းပုံစံအမျိုးအစားများနှင့်အညီ ရွာသားများအား ဖြစ်ရပ်ဆိုင်ရာအင်တာဗျူးခြင်း နှင့် ၎င်းတို့ရင်နီးသောနေရာဒေသများတွင် အထွေထွေနောက်ဆုံးရအခြေအနေများအားတင်ပြခြင်းတို့ကိုစုဆောင်းရန် လေ့ကျင့်သင်ကြားပေးပါသည်။ ဤမှုခင်းဖော်ပြသည့်မှတ်တမ်းလွှာပြုစုရာတွင် ဒေသခံအဖွဲ့ဝင်များကို ၎င်းတို့အရေးကြီးသည်ဟု ယူဆသောလူ့အခွင့်အရေးချိုးဖောက်သော ဖြစ်ပျက်မှုများအား ၎င်းတို့အားဖြင့် စီစစ်အတည်ပြုထားပြီးသော မှုရင်းအထောက်အထားများနှင့် ဒေသအတွင်းပြောင်းလဲဖြစ်ပေါ်မှုများအား နှိုင်းယှဉ်ခြင်းတို့ကို လေ့လာမှတ်သားရန် အားပေးတိုက်တွန်းထားပါသည်။

[2] ကရင်လူ့အခွင့်အရေးအဖွဲ့ KHRG ၏ သတင်းကောက်ယူမှုစည်းစနစ်းများအား ပို၍ထိုးဖောက်မြင်နိုင်ရန် နှင့် ကိုယ်တွေ့တိုက်ရိုက်ဆက်သွယ်မှုများနှင့် မြန်မာပြည်အရှေ့တောင်ပိုင်းရှိ ရွာသူရွာသားများ၏ အမြင်ရှုထောင့်များတင်ပြခြင်း၊ KHRG ၏ အဓိကလုပ်ဆောင်မှုရည်မှန်းချက်တစ်ခုမှာ ကွင်းဆင်းလေ့လာသူများထံမှ လက်ခံရရှိသော သတင်းများအားလုံးကို လုပ်ငန်းစဉ်အတိုင်းလုပ်ဆောင်ပြီး ဘာသာပြန်၍ ပြစ်မှုကျူးလွန်ခြင်းခံရသူများ၏ လုံခြုံရေးနှင့်ပတ်သက်သော အကြောင်းအရာများအား စီစစ်ဖြတ်တောက်ခြင်းများ ပြုလုပ်ပြီးနောက် KHRG ၏ ဝက်ဘ်ဆိုက် (အင်တာနက်စာမျက်နှာ) တွင်ဖြန့်ဝေခြင်းဖြစ်သည်။ အခြားသောအစီရင်ခံစာများမှာ နေရာဒေသ၊ ခုနှစ်၊ အကြောင်းအရာ၊ အမျိုးအစားအလိုက်ခွဲထားပြီး ဤသတင်းနှင့်ပတ်သတ်သော အခြားသော အကြောင်းအရာများအား ဆက်လက်ဖတ်ရှုရန် ကျေးဇူးပြု၍ အစီရင်ခံစာတစ်ခုချင်းစီအား KHRG ဝက်ဘ်ဆိုက်တွင် ဖက်ရှုပါ။

| ပြစ်မှုကျူးလွန်သူ၏ကိုယ်ရေးအကြောင်းအရာအပြည့်အစုံ | | | | |
|---|---|---|---|---|
| အမည် | ရာထူး | စစ်ကြောင်း၊တပ်ရင်း၊ တပ်မ | အခြေစိုက်သည့်နေရာ ဒေသ | အထက်အရာရှိ အမည် |
| ဟိန်းရာဇာဖြိုး | ဗိုလ်ကြီး | ခ.လ.ရ အမှတ် (၂၈၄) | ဝင်းရေးမြို့နယ်၊ အ--- ကျေးရွာ | ကျော်မင်းအောင် |

## အဆင့် ၂- သတင်းအချက်အလက်များပြန်လည်စီစစ်ခြင်း

| (၁) ဤသတင်းအချက်အလက်မှတ်တမ်းပြုစုပုံတစ်ဆင့်ချင်းကိုရှင်းပြပါ။ |
|---|
| ဤသတင်းကို ကျွန်တော် [KHRG မှတ်တမ်းပြုစုသူ] ကိုယ်တိုင် သွားရောက်ရယူခြင်းဖြစ်သည်။ ကျွန်တော်ကိုယ်တိုင် [လုံခြုံမှုအတွက် ဆင်ဆာဖြတ်ထားသည်] ကို အ--- ရွာတွင် သွားရောက်တွေ့ဆုံခဲ့ပြီး မေးမြန်းခန်းပြုလုပ်ခဲ့သည်။ |

| (၂) ဤသတင်းကိုပေးသောသူတို့သည် ဤသတင်းအချက်အလက်များမှန်ကန်ကြောင်း မည်သို့ဖော်ပြလိုပါသနည်း။ ၎င်းတို့တစ်ဦးချင်းစီ၏ ရှင်းပြချက် (များ) ကိုရေးမှတ်ပေးပါ။ |
|---|
| [လုံခြုံမှုအတွက် ဆင်ဆာဖြတ်ထားသည်] သည် ကျွန်တော့်ကို ဤဖြစ်ရပ်နှင့် ပတ်သက်၍ သေးစိတ်ပြောပြခဲ့သည်။ ထို့ကြောင့် ပေးပို့သော အချက်အလက်များသည် မှတ်ကန်ကြောင်း ပြောနိုင်ပါသည်။ |

## အဆင့် ၃- အခင်းဖြစ်ပွားပုံ

| အခင်းဖြစ်ပွားပုံ အသေးစိတ်ကို ပြည့်စုံစွာ ရေးသားဖော်ပြပေးပါ။ |
|---|
| ဤဖြစ်ရပ် [မြန်မာတပ်မတော် ဗိုလ်ကြီးတစ်ဦး၏ အတင်းအဓမ္မခိုင်းစေမှု] သည် ၂၀၁၇ ခုနှစ်၊ အောက်တိုဘာလ ၃၀ရက်နေ့ [ဒူးပလာယာခရိုင်၊] ဝင်းရေးမြို့နယ်၊ လွတ်ရှမ်းကျေးရွာအုပ်စု၊ က--- ကျေးရွာတွင် ဖြစ်ပွားခဲ့သည်။[3]<br><br>ဖြစ်ရပ်မှာ အောက်ပါအတိုင်းဖြစ်သည်။ အောက်တိုဘာလ ၃၀ရက်နေ့ မနက်ပိုင်းတွင် (ခလရ) အမှတ် (၂၈၄) မှ [တပ်မတော်အရာရှိ] ဗိုလ်ကြီးဟိန်းရာဇာဖြိုးသည် အရပ်ဝတ်ဖြင့် ကျေးရွာဥက္ကဋ္ဌ မန်းက--- ၏အိမ်သို့ အလည်သွားရောက်ခဲ့သည်။ သို့သော်လည်း မန်းက--- ၏ဇနီး နန်းဂ--- သည် ဗိုလ်ကြီးကို ကြိုဆိုမှု မရှိခဲ့ချေ။ နန်းဂ--- ၏ အဆိုအရ ဗိုလ်ကြီးဟိန်းရာဇာဖြိုးသည် သူမ၏အိမ်သို့ အလည်လာချိန်တွင် သူမ၏ခင်ပွန်း မန်းက--- သည် အိမ်၌မရှိနေခဲ့ပါ။ သူမနှင့် အသက် ၇၀ အရွယ်ရှိ သူမ၏ ဖခင်တို့နှစ်ဦးသာ အိမ်တွင်ရှိနေခဲ့သည်။ ဗိုလ်ကြီးဟိန်းရာဇာဖြိုးမှ သူမအား သူမ၏ခင်ပွန်းအိမ်မှာ ရှိသလားဟုမေးသောအခါ သူမက သူမ၏ခင်ပွန်းသည် ခြံတွင်အလုပ်လုပ်ကိုင်နေ၍ အိမ်၌မရှိဟု ပြန်လည်ဖြေကြားခဲ့သည်။ နန်းဂ--- သည် ဗမာစကားကို ရေလည်စွာမပြောတတ်သည့်အတွက် |

[3] ကရင်လူ့အခွင့်အရေးအဖွဲ့(KHRG) ၏ ၂၀၁၈ခုနှစ်၊ မတ်လတွင်ထုတ်ဝေခဲ့သော "Dooplaya Situation Update: Win Yay Township and Kyainseikgyi Township, September and October 2017," တွင်ကြည့်ပါ။

ဗိုလ်ကြီးဟိန်းရာဇာဖြိုးနှင့် စကားပြောဆိုရာတွင် အဆင်ပြေချောမွေ့ခြင်း မရှိခဲ့သည့်အပြင် ဗိုလ်ကြီး ဟိန်းရာဇာဖြိုးကို လက်ခံထားရန်မှာလည်း သူမ၏လုံခြုံရေးပိုင်းအရ စိုးရိမ်မှုများရှိသောကြောင့်ဖြစ် သည်။

သို့သော်ငြားလည်း နန်းဂ--- ၏ ယခုလိုပြုမူဆက်ဆံခြင်းကြောင့် ဗိုလ်ကြီးဟိန်းရာဇာဖြိုးသည် စိတ်ဆိုးပြီး သူ့ကိုရိုသေလေးစားမှုမရှိဘူးဟု အပြစ်တင်စွပ်စွဲပြောဆိုခဲ့ပါသည်။ သို့ဖြစ်၍ ဗိုလ်ကြီးသည် ၎င်း [ကျေးရွာဥက္ကဋ္ဌနှင့် သူ၏ဇနီး] တို့နှစ်ဦးစလုံးကို အပင်များအား ခုတ်ထွင်းရှင်းလင်းရန်နှင့် စစ်တပ် စခန်းရှိ အမှိုက်များကိုသွန်ပစ်ရန် အမိန့်ပေးစေခိုင်းခဲ့သည်။

ဗိုလ်ကြီးဟိန်းရာဇာဖြိုးမှ ယင်းတို့နှစ်ယောက်စလုံးကို နံနက် ၇း၀၀ နာရီ မှ ညနေ ၅း၀၀ နာရီ အထိ အလုပ်ခိုင်းစေခဲ့ပါသည်။ သူတို့ [ကျေးရွာဥက္ကဋ္ဌနှင့် သူ၏ဇနီး] သည် ထိုအပင်များကို ခုတ်ထွင်းရှင်း လင်းရာတွင် မြက်ခုတ်စက်များနှင့် ခုတ်ရ၍ ၎င်းတို့အတွက် လျင်မြန်ပြီးလွယ်ကူသည်။ သို့သော် ထိုအပင်များအားလုံးကို ခုတ်ထွင်းရှင်းလင်းရာ၌ စက်ဆီ (၇) ပုလင်း ကုန်ခဲ့သည်။ စက်ဆီတစ်ပုလင်း ကို ကျပ်ငွေ ၁၀၀၀ ပေးရ၍ စက်ဆီ (၇) ပုလင်း အသုံးပြုခဲ့သည့်အတွက်ကြောင့် ၇၀၀၀ ကျပ် ကုန်ကျ ခဲ့သည်။ သို့သော် ထိုကုန်ကျခဲ့သည့် ဆီဖိုးအားလုံးကို ဥက္ကဋ္ဌတို့မှ ကိုယ်ပိုင်ငွေဖြင့်ပေးခဲ့ရသည်။ စစ်တပ်စခန်းရှိ အမှိုက်များကိုလည်း ရှင်းလင်းခိုင်းပြီးသွန်ခိုင်းခဲ့သည်။ အလုပ်လုပ်နေချိန်တွင် ကျေးရွာ ဥက္ကဋ္ဌမှ ဆေးလိပ်ဖွာရန်နှင့် အနားယူအပန်းဖြေရန်မှု ဗိုလ်ကြီးဟိန်းရာဇာဖြိုးက ခွင့်မပြုခဲ့ပေ။ စစ်တပ်စခန်းရှိ တပ်မတော် တပ်ကြပ်ကြီးတစ်ဦးမှ ယင်းဥက္ကဋ္ဌနှင့်ဥက္ကဋ္ဌဇနီးတို့ကို နေ့ခင်းထမင်းစား ရန် ဖိတ်ခေါ်ခဲ့သော်လည်း သူတို့သည် ငြင်းဆိုခဲ့သည်။ အဘယ်ကြောင့်ဆိုသော် ၎င်းတို့သည် အကယ်၍ စေခိုင်ထားသည့်အလုပ်အား မပြီး၍ အိမ်သို့မပြန်ရမှာ စိုးရိမ်၍ မစားပဲနေနေခဲ့သည်။ ဤဖြစ်ရပ်ကို ရွာသားများက မြင်တွေ့ခဲ့ကြသော်လည်း ထုတ်ဖော်ပြောဆိုမှု တစုံတရာ မပြုလုပ်ရဲကြပါ။ မန်းက--- သည် ကျေးရွာဥက္ကဋ္ဌရာထူးတွင် ထမ်းဆောင်ရန် ရွာသားများ၏ တင်မြှောက်ခြင်းကိုခံထားရ သည့်ပုဂ္ဂိုလ်တစ်ဦးဖြစ်သည်။ သို့သော် [အခင်းဖြစ်ပွားခဲ့ပြီးနောက်တွင်] သူသည် ကျေးရွာဥက္ကဋ္ဌ တာဝန်မှ နုတ်ထွက်ခဲ့ပြီး သာမန်ရွာသားတစ်ဦးအဖြစ်သာ ဆက်လက်ရပ်တည်နေထိုင်ခဲ့သည်။ အဘယ်ကြောင့်ဆိုသော် သူသည် ကျေးရွာဥက္ကဋ္ဌတာဝန်ကို ဆက်လက်ထမ်းဆောင်ရန် ကြောင့်ရွံ့ သောကြောင့်ဖြစ်သည်။ ဗိုလ်ကြီးဟိန်းရာဇာဖြိုးသည် [ကျေးရွာဥက္ကဋ္ဌနှင့် သူ၏ဇနီး] တို့ကို ဤအမှုနှင့် ပတ်သက်၍ တိုင်ကြားမှုတစုံတရာမပြုလုပ်ရန်နှင့် အကယ်၍တိုင်ကြားခဲ့ပါက သူတို့အတွက် မလွယ်ဘူးသာမှတ်ဟု ခြိမ်းခြောက်ပြောဆိုခဲ့သည်။

ဤဖြစ်ရပ်သည် အမှန်ပင်ဖြစ်သည်။ မျက်မြင်သက်သေအဖြစ် မြင်တွေ့ခဲ့ရသော ရွာသားများရှိသည်။ အ--- ရွာသားတစ်ဦးဖြစ်သော [လုံခြုံမှုအတွက် ဆင်ဆာဖြတ်ထားသည်] တစ်ဦးလည်းဖြစ်သည့် စောဟ--- သည် ကရင်အမျိုးသားလွတ်မြောက်ရေးတပ်မတော် (KNLA) တပ်ရင်း အမှတ် (၁၆) ရုံး သို့ ဖုန်းခေါ်ပြီး ဤဖြစ်ရပ်ကို တိုင်ကြားခဲ့သည်။ သို့သော် စောဟ--- နှင့် ဖုန်းပြောခဲ့သော KNLA အရာရှိတစ်ဦးက ယခုလက်ရှိအချိန်တွင် ၎င်းတို့ဘက်မှ ဘာမျှအကူအညီမပေးနိုင်သေးကြောင်း ဖြေကြားခဲ့သည်။ သို့သော်ငြားလည်း ယင်းအရာရှိသည် ဖြစ်စဉ်နှင့်ပတ်သက်ပြီး မှတ်တမ်းတင်ပြုစု ထားမည်ဖြစ်ပြီး လာမည့်ပူးတွဲစောင့်ကြည့်ရေးကော်မတီ (JMC) အစည်းအဝေးတွင် ပြည်လည်တင်ပြ သွားမည်ဟု ဖြေကြားခဲ့သည်။
ဤဖြစ်စဉ် ဖြစ်ပွားသည့်အချိန်တွင် ဗိုလ်ကြီးဟိန်းရာဇာဖြိုးသည် စစ်တပ်စခန်း၏ ယာယီစခန်းမှူးအဖြစ်

ရှေ့တန်းစခန်းရှိ (ခလရ) အမှတ် (၂၈၄) မှ တပ်မတော်သား အယောက် (၂၀) ကို ကြီးကြပ်ကွပ်ကဲ ဦးဆောင်နေခဲ့သည်။ (ခလရ) အမှတ် (၂၈၄) ရှေ့တန်းစခန်းသည် အ--- ရွာအတွင်း ၂၀၁၆ ခုနှစ်မှ စတင်၍ အခြေချခဲ့ပြီး ၎င်း၏ ပင်မတပ်စခန်းသည် ကြာအင်းဆိပ်ကြီးအခြေစိုက်စစ်ဗျူဟာ (စဗဟ) လက်အောက်ခံဖြစ်ပြီး ဝင်းရေးမြို့နယ်၊ ဆင်ပြေးကျေးရွာအုပ်စု၊ တောင်စွန်းကျေးရွာတွင် အခြေချ နေထိုင်သည်။

အ--- ရွာသားများ၏ တင်ပြချက်အရ ၂၀၁၇ ခုနှစ်၊ ဒီဇင်ဘာလ အခင်းဖြစ်ပွားပြီးသည့်နောက်တွင် ဗိုလ်ကြီးဟိန်းရာဇာဖြိုးသည် အ--- ရွာမှထွက်ခွာပြီး အခြားတစ်နေရာရှိ လေ့ကျင့်ရေးစခန်းတစ်ခုသို့ စစ်သင်တန်း သွားရောက်တက်ခဲ့သည်။ နောက်ပိုင်းတွင် (ခလရ) အမှတ် (၂၈၄) သည် တပ်မတော်၏ လုပ်ထုံးလုပ်နည်းဖြစ်သော လေးလတစ်ကြိမ် တပ်အပြောင်းအလဲအရ (ခလရ) အမှတ် (၃၂) နှင့် နေရာအစားထိုးလဲလှယ်ခဲ့သည်။ (ခလရ) အမှတ် (၃၂) သည် စစ်ကား (၅) စီးဖြင့် တပ်မတော် စစ်သားများအပြည့် ထိုနေရာသို့ လာရောက်လဲလှယ်ခဲ့ကြသည်။



ဤဓာတ်ပုံများကို ၂၀၁၇ ခုနှစ် ဒီဇင်ဘာလ ၁၃ရက် ဒူးပလာယာခရိုင်၊ ဂင်းရေးမြို့နယ်၊ လွှတ်ရှမ်းကျေးရွာအုပ်စု၊ အ--- ရွာတွင် ရိုက်ကူးခဲ့ခြင်းဖြစ်သည်။ ပုံတွင်ဖော်ပြထားသည်မှာ အ--- ရွာ ရော်ဘာခြံအတွင်းတွင် တည်ရှိသော (ခလရ) အမှတ် (၂၈၄) ၏ ယာယီရှေ့တန်းစခန်းဖြစ်သည်။ စခန်းအဆောက်အအုံများသည် ရော်ဘာပင်များဖြင့် ဖုံးကွယ်ထားသောကြောင့် ဝါးဖြင့်ပြုလုပ်ထားသည့် ခြံစည်းရိုးများကိုသာ တွေ့ရမည်ဖြစ်သည်။ ယခင်က ထိုနေရာသည် မွန်အမျိုးသားလွတ်မြောက်ရေးတပ်မတော် (MNLA) ၏ ထိန်းချုပ်နယ်မြေဖြစ်သည်။ သို့သော် ၂၀၁၆ ခုနှစ်တွင် တပ်မတော်က (MNLA) ကိုထိုနေရမှ ထွက်ခွာပေးရန် အမိန့်ပေးခဲ့၍ ထို့အစား တပ်မတော် စစ်တပ်စခန်းကို အခြေချခဲ့သည်။ *(ဓာတ်ပုံ- KHRG)*

## အဆင့် ၄- ခွင့်ပြုချက်တောင်းခံခြင်း

| |
|---|
| **ရွာသား သို့မဟုတ် လူ့အခွင့်အရေးချိုးဖောက်ခံရသူသည် ဤသတင်းကိုအသုံးပြုရန် ခွင့်ပြုပါသလား၊ မည်ကဲ့သို့သောနည်းလမ်းဖြင့် အသုံးပြုခွင့်ပေးသည်ကိုဖော်ပြပေးပါ။** |
| [လုံခြုံမှုအတွက် ဆင်ဆာဖြတ်ထားသည်] မှ ဤအချက်အလက်များကို အသုံးပြုခွင့်ပေးသည်။ |

## Dooplaya District




Karen Human Rights Group (KHRG)